# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၈၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၃၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၀.၅၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် ခွင့် ၄ ရက်၊

(၂) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၈ ရက်၊

(၃) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၄) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၅) ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ခွင့် ၁ ရက်၊

(၆) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၇) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၁ ရက်၊

(၈) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၉) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၁၀) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၈ ရက်၊

(၁၁) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၁ ရက်၊

(၁၂) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၃) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၁ ရက်၊

(၁၄) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၁ ရက်၊

(၁၅) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၁၆) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၁၇) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်၊

(၁၈) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၁ ရက်၊

(၁၉) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁ ရက်၊

(၂၀) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၂၂) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၁ ရက်၊

(၂၃) လှိုင်ဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၂၄) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၁ ရက်၊

(၂၅) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၂၆) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၂၇) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်နှင့်

(၂၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်မြင့် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**နိုင်ငံခြားဈေးကွက်ဝင် နှစ်ရှည်သီးနှံပဲမျိုးဖြစ်သော 'ကြယ်ပဲ' (Sacha inchi) ကို နိုင်ငံခြားတိုင်းပြည်များရှိ သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေမှု၊ လက်တွေ့နမူနာစိုက်ပျိုးပြသရာ၌ အောင်မြင်မှုရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကျိုး၊ တောင်သူလယ်သမားများ၏အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ရည်ရွယ်ပြီး ကြယ်ပဲ(Sacha inchi) စိုက်ပျိုးရေးနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Sacha inchi ခေါ် ကြယ်ပဲကို မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ ရောက်ရှိလာခဲ့ပြီး ထွက်ရှိလာမယ့်ကြယ်ပဲတွေကို ကန်ထရိုက်စနစ်နဲ့ နှစ်ရှည်စာချုပ်ချုပ်ဆို၍ ဝယ်ယူရန် နိုင်ငံခြားကုမ္ပဏီများက ကမ်းလှမ်းလာကြောင်း လေ့လာတွေ့ရှိရပါတယ်။ သဘာဝနည်းဖြင့်စိုက်ပျိုးထွက်ရှိလာတဲ့ကြယ်ပဲထွက်ကုန်တွေကို ငါးနှစ်တာကာလအတွင်း တစ်ကီလိုကို ဘတ်ငွေ ၅၀ ဖြင့်ဝယ်ယူရန် စာချုပ်ချုပ်ဆိုထားပြီး နောက်ငါးနှစ်တွင် ဈေးအတက်အကျပေါ် မူတည်၍ စာချုပ်ထပ်မံချုပ်ဆိုပြီး ဝယ်ယူသွားမည်ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ ကြယ်ပဲမျိုးစေ့များကို အဆီထုတ်ယူပြီး ကိုလက်စရောကျဆေးအဖြစ် ဆေးတောင့်(Capsule)အဖြစ်လည်းကောင်း၊ ကြိတ်ဖက်ကို တိရစ္ဆာန်အစာပရိုတင်းအဖြစ်လည်းကောင်း၊ အရွက်များကို လက်ဖက်ခြောက်သဏ္ဌာန်ပြုလုပ်ထုပ်ပိုးပြီး ရောင်းချနိုင်ကြောင်းကိုလည်း သိရှိရပါတယ်။ ကြယ်ပဲသည် ရေရှည်တွင် ဈေးကွက်ရရှိရေးအတွက် စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် ကုန်ချောထုတ်လုပ်မှုနည်းပညာ Processing များကို ယခုအခါမြန်မာနိုင်ငံအတွင်းမှာ ရရှိဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ ကြယ်ပဲတွင် မပြည့်ဝဆီ ၄၀ မှ ၆၀ ရာခိုင်နှုန်းပါဝင်ပြီး ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးကျန်းမာရေးအတွက် အဓိကအရေးကြီးတဲ့ဓာတ်ဖြစ်တဲ့ အိုမီဂါ ၃ ကို ဆော်လမွန်ငါးမှရရှိတဲ့ အိုမီဂါ ၃ ထက် ပိုမိုလွယ်ကူစွာထုတ်ယူရရှိနိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ယခုအခါ မြန်မာနိုင်ငံရဲ့ အိမ်နီးနားချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှာ ကြယ်ပဲကို ကျယ်ပြန့်စွာ စိုက်ပျိုးလျက်ရှိကြပြီး မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်မှစပြီး ကုမ္ပဏီများမှတစ်ဆင့်ရောက်ရှိလာကာ စိုက်ပျိုးသူအချို့သောတောင်သူများလက်ဝယ်သို့ မျိုးစေ့များ ဖြန့်ဝေပေးခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။ အကျိုးအမြတ်အနေနဲ့ ကြယ်ပဲစိုက်ပျိုးတဲ့ပထမနှစ်မှာ တစ်ဧကကို အမြတ်ငွေ ၅၉၄၅၀၀ ကျပ် ရရှိနိုင်ကြောင်း လက်တွေ့ဆောင်ရွက်ခဲ့မှုများအရ သိရှိရပါတယ်။ ကြယ်ပဲဟာ နှစ်ပေါင်း ၄၀ မှ ၅၀ အထိ

ဆွတ်ခူးရောင်းချနိုင်၍ တောင်သူလယ်သမားများအတွက် စီးပွားရေးတွက်ခြေကိုက်တဲ့ နှစ်ရှည်သီးနှံပဲ ပင်မျိုးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအကျိုးစီးပွားအတွက် ရည်ရွယ်ပြီး အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ မေးခွန်းအနေနဲ့ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းစေနိုင်မယ့် နိုင်ငံခြားဈေးကွက်ဝင် နှစ်ရှည်သီးနှံပဲမျိုးဖြစ်တဲ့ ကြယ်ပဲ(Sacha inchi)ကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး နိုင်ရန်အတွက် နိုင်ငံခြားတိုင်းပြည်များရှိ သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေမှု၊ လက်တွေ့နမူနာပြစိုက်ပျိုးပြသရာ၌ အောင်မြင်မှုရှိ/မရှိနှင့် နိုင်ငံတော်အတွက် နောင်အလားအလာ များ၊ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရေးနှင့် နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး အစီအမံ များကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများ အကျိုး စီးပွားရရှိစေရန်အတွက် ရည်ရွယ်ပြီး လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ တောင်သူ လယ်သမားများအကျိုးစီးပွားကို ရှေးရှုပြီး မေးမြန်းခြင်းအပေါ်မှာ တောင်သူများကိုယ်စား များစွာ ကျေးဇူးတင်ရှိကြောင်း ဦးစွာပဏာမပြောကြားလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ကြယ်ပဲ (Star Bean)ဟာ အမေရိကတောင်ပိုင်း အပူပိုင်းဒေသ အမေဇုံမြစ်ဝှမ်းရှိ အစေ့မှဆီထုတ်ယူတဲ့ နွယ်မျိုးရင်းဝင်အပင်တစ်မျိုးဖြစ်ပြီးတော့ ဒေသအခေါ် အင်ခါ(Inca)၊ (ဆေးအမည်- Flukenetia Volubilis) လို့ခေါ်ပါတယ်။ ၎င်းအပင်ရဲ့အစေ့မှထွက်တဲ့ဆီမှာ အိုမီဂါ 3,6,9, Vitamin A နှင့် E အပြင်

ပရိုတိန်းဓာတ်ပါဝင်ပြီး ထိုမပြည့်ဝဆီ ၃ မျိုးမှာ ၉၂ ရာခိုင်နှုန်းပါဝင်၍ အထူးသဖြင့် ကိုယ်ခန္ဓာအတွက် မရှိမဖြစ်လိုအပ်တဲ့ အဆီတစ်အက်ဆစ်နှင့် လီနိုလေနစ်အက်စစ်များမှာလည်းပဲ ၅၀ ရာခိုင်နှုန်းကျော် ပါဝင်သဖြင့် အဆီနှင့်အာဟာရထုတ်ပေးသောပဲစေ့ဟု ထင်ရှားရုံသာမက ကမ္ဘာတစ်ဝှမ်းလုံးမှာ အကောင်းဆုံးအာယုဒီယဆေးအဖြစ် လက်ခံယုံကြည်ထားကြပါတယ်။ အင်ခါပဲစေ့ဆီမှာ အောက်ဆီဒိုက်ကိုကာကွယ်နိုင်တဲ့ ဘောရစ်အက်စစ်လည်း များစွာပါဝင်ပါတယ်။ ကြယ်ပဲဆီဟာ ခန္ဓာကိုယ် ကျန်းမာသန့်စွမ်းမှုကို ထိခိုက်စေနိုင်တဲ့ဓာတ်များ၊ ဓာတ်မတည့်မှုကိုဖြစ်စေနိုင်ခြင်းမှ ကင်းစင်စေပြီး ဆီရဲ့ ဂုဏ်ရည်တည်မြဲမှုကို ကမ္ဘာ့အကောင်းဆုံးသဘာဝဆီအဖြစ် အဖက်ဖက်မှ လက်ခံယုံကြည်ကြပါတယ်။ နာမည်ကြီးဆီများဖြစ်တဲ့ ငါးများရဲ့အဆီ၊ သံလွင်ဆီ၊ နှမ်းဆီစသည်တို့ထက် လူ့ခန္ဓာကိုယ်ကို ပိုမိုအားဖြစ်စေပြီး လူ့ခန္ဓာကိုယ်ဖွံ့ဖြိုးမှုပံ့ပိုးပေးတဲ့ဆေးထုတ်လုပ်မှုမှာ ပါဝင်ပါတယ်။ ထို့အပြင် လူ့ခန္ဓာကိုယ်သွေးကြောတွင်းရှိတဲ့ အဆီဓာတ်ကိုလျှော့ချပြီး နှလုံးသွေးကြောပိတ်ဆို့ခြင်းကို ကာကွယ်နိုင်ကာ အသားအရေကို စိုပြေစေပါတယ်။

ကြယ်ပဲကို ရောဂါကုသနိုင်တဲ့ ဆေးထုတ်လုပ်မှုမှာလည်းကောင်း၊ စားသောက်ကုန် ထုတ်လုပ်မှုမှာလည်းကောင်း၊ အလှကုန်ပစ္စည်းထုတ်လုပ်မှုမှာလည်းကောင်း၊ လူ့ခန္ဓာကိုယ်ကို ဖွံ့ဖြိုးပံ့ပိုးတဲ့ဆေးထုတ်လုပ်မှုတွေမှာ အသုံးပြုကြပါတယ်။ အမေဇုံမြစ်ဝှမ်းဒေသမှာ နေထိုင်ကြတဲ့လူများဟာ ကြယ်ပဲစေ့ကို Sacha inchi စွပ်ပြုတ်ရည်အဖြစ်လည်းကောင်း၊ ပဲစေ့လှော်အဖြစ်လည်းကောင်း၊ ဆီအဖြစ်လည်းကောင်း အမျိုးမျိုးအသုံးပြုကြပါတယ်။ ယခုအချိန်ထိ မုန့်ပဲသရေစာများမှာ ထည့်သွင်းအသုံးပြုလျက်ရှိပါတယ်။ ဌာနေတိုင်းရင်းအချို့က စပျစ်သီးစိမ်းဟုလည်းကောင်း၊ ဘယ်ရီပဲတောင့်ဟုလည်းကောင်း အမျိုးမျိုးခေါ်ကြပြီးတော့ အပင်အမျိုးအစားမှာ နှစ်ရှည်ခံနွယ်ပင်အမျိုးအစားဖြစ်ပါတယ်။ ကြယ်ပဲဟာ အပူချိန် ၁၀ ဒီဂရီကနေ ၃၆ ဒီဂရီစင်တီဂရိတ်အတွင်းမှာ ကြိုက်နှစ်သက်ပြီး အမြင့်ပေ ၃၀၀ ကနေ ၆၀၀၀(Sea Level)အထိ စိုက်ပျိုးနိုင်ပါတယ်။ နေရောင်ခြည် ကောင်းစွာရရှိနိုင်ရန်နှင့် ရေပုံမှန်ရရှိရန်လိုအပ်ပါတယ်။ နွေးသမပိုင်းရာသီဥတုကိုနှစ်သက်ပြီး မြန်မာနိုင်ငံမှာ ကောင်းစွာဖြစ်ထွန်းနိုင်ပါတယ်။ သဲဆန်တဲ့မြေများတွင်လည်း စိုက်ပျိုးနိုင်ပြီး မြစ်များနှင့်နီးတဲ့ နုန်းတင်မြေနုလွင်ပြင်တွေမှာ ပို၍ဖြစ်ထွန်းနိုင်ပါတယ်။ မြေအမျိုးမျိုးမှာ စိုက်ပျိုးနိုင်ပြီး အသင့်တော်ဆုံး PH မှာ ၄.၈ ကနေ ၆.၅ အတွင်းမှာ ပိုမိုဖြစ်ထွန်းပါတယ်။ မျိုးစေ့မှပျိုးထောင်ပြီး ပျိုးသက် ၄၅ ရက်သားမှာ ရွှေ့ပြောင်းစိုက်ပျိုးရပါတယ်။ ပင်ကြားနှင့်တန်းကြား ၈ ပေ က ၁၀ ပေ၊ တစ်ဧက အပင် ၅၀၀ ခန့် စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး ၅ လအကြာမှာ ပန်းစပွင့်ပြီး ၈ လအကြာမှာ အသီးသီးပါတယ်။ အပင်အမြင့်

၆ ပေကနေ ၉ ပေခန့်မြင့်ပြီး တိုင်ထောင်ပြီးတော့ စိုက်ပျိုးရပါတယ်။ နေရောင်ခြည်နှင့် စိုစွတ်တဲ့ မြေမျိုးကို ကြိုက်နှစ်သက်ပါတယ်။ ပဲတောင့်မှာ ခြောက်ထောင့်ကြယ်ပုံသဏ္ဍာန် ထူးခြားသောအသွင် ရှိပြီး ပဲတောင့်နုစဉ်အချိန်မှာ အစိမ်းရောင်ရှိပြီး အသီးရင့်လာတဲ့အခါမှာ အညိုရောင်အဖြစ်နဲ့ ပြောင်းလဲသွားပါတယ်။ ပဲသီးတစ်တောင့်မှာ ပဲစေ့လေးစေ့ကနေ ခြောက်စေ့အထိ ပါဝင်ပါတယ်။ စတင်စိုက်ပျိုးတဲ့နှစ်မှာ တစ်ဧကကို ၂၀၀ ကနေ ၄၀၀ ကီလိုဂရမ်ထွက်ရှိပြီးတော့ နောင်နှစ်များမှာ တိုးတက်ထွက်ရှိပြီးတော့ ၂၀၀၀ ကီလိုအထိ ထွက်ရှိပါတယ်။ ပထမဆုံးအကြိမ် ခူးဆွတ်ပြီးနောက် တစ်နှစ်ပတ်လုံး အကြိမ်ကြိမ်ခူးဆွတ်နိုင်ပါတယ်။ ကြယ်ပဲစိုက်ပျိုးသူတောင်သူရဲ့ ဂရုစိုက်ပြုစုမှုအပေါ် မှာမူတည်ပြီးတော့ နှစ်ပေါင်း ၅၀ အထိ ခူးဆွတ်နိုင်ကြောင်း ပီရူးနိုင်ငံရဲ့မှတ်တမ်းများအရ သိရှိရပါ တယ်။ စိုက်စနစ်အနေနဲ့ ပင်ကြား-တန်းကြား ၉ ပေ x ၉ ပေပုံစံနဲ့ ၆ ပေ x ၁၂ ပေ ပုံစံကို အများဆုံး စိုက်ပျိုးကြပါတယ်။ ၉ ပေ x ၉ ပေပုံစံပါ တစ်ဧက ၅၂၀ ပင် ဝင်ဆံ့ပြီး ၉ ပေ x ၁၂ ပေ စိုက်ပါက ၆၀၅ ပင်ဝင်ဆံ့ပါတယ်။ စိုက်ပြီးသက်တမ်း နှစ်နှစ်အကြာမှာ ကြားပင်များ၊ ကြားကိုင်းများ ကိုဖြတ်ပြီးတော့ အခြားနေရာမှာ ပြန်လည်စိုက်ပျိုးနိုင်ပါတယ်။ မြေပြန့်ဒေသတွေမှာ ထွန်ယက်ပြီးတော့လည်းကောင်း၊ တောင်ကုန်းတောင်စောင်းတွေမှာ ကွန်တိုစနစ်ဖြင့်လည်းကောင်း၊ ရေမြုပ်နိုင်သောနေရာများမှာ ဘောင်တင်ပြီးတော့လည်းကောင်း စိုက်ပျိုးနိုင်ပါတယ်။

ကြယ်ပဲဟာ စီးပွားရေးတွက်ခြေအရ အထွက်နှုန်းမြင့်မားခြင်း၊ ပဲစေ့တစ်စေ့ချင်းစီရဲ့ ဆီပါဝင်မှု နှုန်းမြင့်မားခြင်း၊ ရိတ်သိမ်းရန်လွယ်ကူခြင်း စတဲ့အကြောင်းများကြောင့် ၀.၅ ဧက စိုက်ပျိုးရုံနှင့် တစ်နှစ် လျှင် ဝင်ငွေ ၁၀ သိန်းကျော်အထိ ရရှိနိုင်ပါတယ်။ ကြယ်ပဲ(Sacha Inchi) ကို လက်ရှိအခြေအနေမှာ လားရှိုးမြို့နယ်၊ မူဆယ်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တွေမှာ ဧက ၁၅၀၀ ဧကစာကို ကုမ္ပဏီမှ မျိုးစေ့ တင်သွင်းဖြန့်ဖြူး စမ်းသပ်စိုက်ပျိုးလျက်ရှိပါတယ်။ မျိုးစေ့တစ်ကီလိုမှာ ၂၂၀၀၀ နှုန်းနဲ့ ရောင်းချ ပေးပြီး စိုက်ပျိုးထွက်ရှိလာတဲ့ကြယ်ပဲများကို တစ်ကီလိုမှာ ၁၁၀၀၀ နှုန်းနဲ့ အဆိုပါကုမ္ပဏီကပါ ပြန်လည်ဝယ်ယူမည်ဖြစ်ကြောင်း သိရှိရပါတယ်။ အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာ မြို့နယ်၊ ပိန်းအင်းကျေးရွာအုပ်စုမှာလည်းပဲ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ ကြယ်ပဲ စိုက်ပျိုးရေးအတွက် Golden Sacha Inchi Co., Ltd က အဖွဲ့မှ ခြံထွက်သီးနှံများစိုက်ပျိုးတဲ့ တောင်သူများနှင့်တွေ့ဆုံပြီး တိုးချဲ့စိုက်ပျိုးရန်၊ ထွက်ရှိလာတဲ့ကြယ်ပဲများကို ကုမ္ပဏီက စာချုပ်ချုပ်ဆို ဝယ်ယူရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် လေးမျက်နှာမြို့နယ်၊ အိုင်သပြု(မယင်း)မှာ အဝယ်ဒိုင် ဖွင့်လှစ်ပြီး ဝယ်ယူရန်စီစဉ်လျက်ရှိကြောင်း၊ ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ အေးသုခကျေးရွာနှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောက်ချောကုန်းကျေးရွာတို့မှာလည်းကောင်း စမ်းသပ်စိုက်ပျိုးထားကြောင်း သိရှိရပါတယ်။ ကြယ်ပဲစိုက်ပျိုးမှုအနေနဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုမှာ ၂၀၁၅ ခုနှစ်အတွင်း ၂၂၄.၆ ဧက စိုက်ပျိုးထားပြီး ၄၇.၀၃ ဧကစာ လက်ရှိပျိုးထောင်ထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကြယ်ပဲကို စမ်းသပ်စိုက်ပျိုးဆဲကာလဖြစ်ပြီး အသီးထွက်ရှိမှုနှင့် စီးပွားရေးတွက်ခြေကိုက်မှုအပေါ် မူတည်ပြီး နည်းပညာတိုးချဲ့ ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းက ကြီးမှူးပြီးတော့ ရန်ကုန်မြေပဒေသာမှာ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခ(ငြိမ်း) ဦးမောင်မောင်ထွေးက ကြယ်ပဲစိုက်ပျိုးရေးနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးပွဲကိုလည်း ပြုလုပ်ခဲ့ပြီးတဲ့အပြင် စာအုပ်များကိုလည်းပဲ ထုတ်ဝေထားပြီးလည်းဖြစ်ပါတယ်။ နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းပြီးတဲ့ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ရဲ့ အဓိကစားသုံးသီးနှံဖြစ်တဲ့ ဆန်စပါးစိုက်ပျိုးမှုကိုမထိခိုက်စေဘဲ မိမိတို့ရဲ့လယ်ယာမြေပေါ်မှာ မိမိတို့ကြိုက်နှစ်သက်တဲ့သီးနှံကို လွတ်လပ်စွာရွေးချယ်စိုက်ပျိုးခွင့် ပြုထားပြီးဖြစ်ပါသဖြင့် ကြယ်ပဲနှင့်ပတ်သက်၍ နှစ်ရှည်စီမံကိန်းများ ချထားခြင်းမရှိပါကြောင်းနှင့် နည်းပညာအကူအညီများရယူလိုပါက သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးများရှိ စိုက်ပျိုးရေးဦးစီးဌာနများမှာ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးဦးစီးဌာနပိုင် မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(ခ-၁၀) မြေကွက်ပေါ်ရှိ မြေဧရိယာ ၇.၉၀ ဧကအား ပြင်ပဌာနဆိုင်ရာများက ဝင်ရောက်တိုင်းတာခြင်း၊ အဆောက်အဦဆောက်လုပ်နေရာချထားမှုတို့ ပြုလုပ်နေခြင်းသည် တရားဥပဒေနှင့်အညီ နည်းလမ်းတကျဆောင်ရွက်နေခြင်းဟုတ်/မဟုတ် သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒေါက်တာဇော်မြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ တလေးတစားနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်က ဒေါက်တာဇော်မြင့်မောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေး အငြိမ်းစားဝန်ထမ်းတွေရဲ့ တောင်းဆိုမှုကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်မှာရှိတဲ့ (ခ-၁၀)မြေဧက ၇.၉ ဧကဟာ မူလက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေဖြစ်ပါတယ်။ ဒီမြေပေါ်မှာ ၁၉၉၅-၁၉၉၆ ခုနှစ်က ဦးအိုက်ဆိုက်၊ ဦးစန်းဝေချင်းနဲ့ ဦးကျော်ဝေ(ခေါ်)ဦးစန်းဝေဝါတို့က မြေဂရန်လျှောက်တဲ့အတွက် ယင်းတို့သုံးဦးအား မြေဂရန်အငှားချထားပေးခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၉၈ ခုနှစ်မှာ စိုက်ပျိုးရေး အငြိမ်းစားဝန်ထမ်းများက ဒီဟာက လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင်မြေဖြစ်တဲ့အတွက်၊ ပြန်လည် တင်ပြလျှောက်ထားတဲ့အတွက် မြေဂရန်ကို ပယ်ဖျက်ပေးလိုက်ပါတယ်။ သို့ရာတွင် ဦးစန်းဝေဝါနဲ့ အပေါင်းပါသုံးဦးက ဒီမြေဂရန်ကို ပြန်လည်ရရှိလိုမှုအတွက် ပြန်လည်လျှောက်ထားတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီးတော့ ပြန်လည်ပေးအပ်ရန် ပြန်လည် ချထားပေးလိုက်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ဒသမအကြိမ် ပုံမှန်အစည်းအဝေးမှာ ကျွန်တော် မေးခွန်းမေးခဲ့ပါတယ်။ ဒီလိုပြန်လည်နေရာချထားပေးခြင်းဟာ တရားဥပဒေနှင့်ညီ/မညီဆိုတာကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးအဖွဲ့က ပြန်ဖြေတဲ့အခါက ပြန်လည်နေရာချထားပေးတာမဟုတ်သေး ပါဘူး။ စိစစ်ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်တဲ့အတွက်ဆိုပြီး အကြောင်းပြန်ကြားခဲ့ပါတယ်။ ဒါပေမဲ့ လယ်ယာစိုက်ပျိုးရေးဦးစီးဌာနက အငြိမ်းစားဝန်ထမ်းများက ဒီမြေကွက်အပေါ်မှာ လေးထပ်တိုက် နှစ်လုံး ဆောက်လုပ်ဖို့ ပြီးစီးလုနီးပါးဖြစ်နေပါပြီ။ ပြင်ပဌာနကပုဂ္ဂိုလ်တွေလည်း မြေတိုင်းခြင်းတွေ ဘာတွေလာလုပ်နေပါတယ်။ ဒီကိစ္စကိုစုံစမ်းတဲ့အခါမှာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီက လယ်ယာစိုက်ပျိုးရေးဦးစီးဌာနပိုင်အမည်နဲ့ အဆောက်အဦချထားပေးတာလို့ ပြောပါ တယ်။ ဒီကိစ္စက မရှင်းမလင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးရေးဦးစီးဌာန အငြိမ်းစား ဝန်ထမ်းတွေကို ရှင်းရှင်းလင်းလင်းသိသာအောင် ပြည်သူ့လွှတ်တော်ကတစ်ဆင့် မေးမြန်းပေးပါဆိုလို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုဒီ(ခ-၁၀)၇.၉ဧကမြေပေါ်မှာဆောက်လုပ်ထားတဲ့ အဆောက်အဦနှစ်လုံးဟာ တရားဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း၊ စနစ်တကျဆောင်ရွက်ထား ခြင်းဟုတ်/မဟုတ်သိရှိလို၍ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မှူကြမ်း**

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်ရှိ မြေကွက်အမှတ်(ခ-၁၀)မှ ဦးပိုင်အမှတ်(၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃) မြေကွက်များဟာ ယခင်စိုက်ပျိုးရေးဌာန၊ ဗဟိုစိုက်ပျိုးရေးခြံမြေ အဖြစ်လည်းကောင်း၊ ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ မန္တလေးတိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် မြို့မြေတိုးချဲ့ရေးအဖြစ်အသုံးပြုရန် မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့သို့ (လန/၃၉)အရ ခွင့်ပြုပေးခဲ့တဲ့ ဧရိယာအတွင်း ပါဝင်ပါတယ်။

အဆိုပါမြေပေါ်မှာ ဝန်ထမ်းအိမ်ယာဆောက်လုပ်ရန်အတွက် ဖော်ပြပါအကွက်အမှတ်(ခ-၁၀) မှာ ဦးပိုင်အမှတ်(၄ မှ ၁၃) အထိ တိုင်းစိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင် တိုင်းစိုက်ပျိုးရေး မန်နေဂျာ၊ တိုင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းမန်နေဂျာ၊ တိုင်းဆည်မြောင်းဦးစီးမှူးနှင့် တိုင်းစက်မှု လယ်ယာဦးစီးမှူး လေးဦးတို့ရဲ့ အမည်များနဲ့ မန္တလေးတိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြို့သစ်ကွက်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့က နှစ် ၃၀ ဂရန်ချထားပေးခဲ့ပါတယ်။

၎င်းမြေနေရာများအား ၁၉၉၄ ခုနှစ်မှာ ဦးကျော်ဝေ၊ ဦးအိုက်ဆိုက်နှင့် ဦးစန်းဝေချင်းတို့ထံ ရောင်းချခဲ့ပြီး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ၎င်းတို့အမည်ပေါက် ဂရန်ရရှိထားပြီးဖြစ်ပါတယ်။ ဦးကျော်ဝေ(ပါ) သုံးဦးထံမှ ခွဲဝေရရှိတဲ့ မြေကွက်များကို အဆိုပါ တိုင်းဦးစီးမှူးအဆင့်လေးဦးက ရောင်းချ၍ ရရှိခဲ့တဲ့ငွေများနဲ့ ဌာနပိုင်မြေကွက်အမှတ် (စီ ၁၅၆)ပေါ်မှာ လေးထပ်ပါ လေးခန်းတွဲ သံကူကွန်ကရစ် ဝန်ထမ်းအိမ်ယာ အဆောက်အဦ လေးလုံးဆောက်လုပ်ခဲ့ပြီး လက်ရှိဝန်ထမ်းများ ပြောင်းရွှေ့နေထိုင် လျက်ရှိပါတယ်။

အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ဦးကျော်ဝေ(ပါ) သုံးဦးကိုယ်စား ဦးဘိုဝင်းက ၎င်းတို့ ဂရန်အမည်ပေါက်မြေကွက် ၁၀ ကွက်အနက် အစိုးရဌာန/အဖွဲ့အစည်းများမှ အသုံးပြုထားသော မြေကွက်များကို ချန်လှပ်ပြီး ကျန်ရှိတဲ့ မြေကွက်ဧရိယာအချို့အား ပြန်လည်ရရှိလိုရေးအတွက် ၆-၁၂-

၂၀၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးသို့ အသနားခံတင်ပြခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက မြေကွက်များပြန်လည်ရရှိရေး တင်ပြခြင်းနှင့်စပ်လျဉ်းပြီး စိစစ်ပြီး အခြေအနေကို ပြန်လည်တင်ပြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ ညွှန်ကြားခဲ့ပါတယ်။ ညွှန်ကြားချက်များအပေါ် စိုက်ပျိုးရေးဦးစီးဌာနသို့ အသေးစိတ်အချက်အလက်များ ပြန်လည်ပြုစုစေပြီး ပြည်ထောင်စုဝန်ကြီးရုံးမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြန်လည်တင်ပြခဲ့ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိစစ်တင်ပြချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အဆိုပါမြေကွက် ၁၀ ကွက်အား ဦးကျော်ဝေပါ သုံးဦးသည် အဆိုပါမြေကွက်များအားတရားဝင် ဝယ်ယူခဲ့ပြီး နှစ် ၃၀ ဂရန်ရထားပြီးဖြစ်ခြင်း၊ ဌာနအတွက်လိုအပ်တဲ့ ဝန်ထမ်းအိမ်ယာများအား ၁၉၉၆ ခုနှစ် ဈေးနှုန်းဖြင့် ကျပ်သိန်းပေါင်း ၁၁၉၆ သိန်း အကုန်အကျခံဆောက်လုပ်ပေးခဲ့ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှလည်း အဆိုပါမြေအားပြန်လည်ရယူအသုံးပြု သီးခြားအစီအစဉ်မရှိခြင်းတို့ကြောင့် အဆိုပါမြေ ၁၀ ကွက်မှ အဆောက်အဦ ဆောက်လုပ်ထားတဲ့ မြေများမပါ ကျန်မြေများကို လုပ်ထုံး လုပ်နည်းနှင့်အညီ ပြန်လည်ပေးအပ်ရန်နှင့် ဆက်လက်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြရန် ညွှန်ကြားခဲ့ပါတယ်။

အထက်ပါညွှန်ကြားချက်အရ အဆိုပါမြေကွက်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးမှ ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ပြီး အဆိုပါမြေပေါ်မှာတည်ရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး ဝန်ထမ်းအိမ်ယာများ၊ ဆီထွက်သီးနှံရုံးတို့ကို မြေပုံအညွှန်းနှင့် ဓာတ်ပုံများပူးတွဲလျက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြန်လည်တင်ပြခဲ့ပါတယ်။

တင်ပြချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကာယကံရှင်များသို့ ပြန်လည်၍ ယင်းမြေကွက် ၁၀ ကွက်ပေါ်တွင် ဆောက်လုပ်ထားတဲ့ ဌာနဆိုင်ရာ အဆောက်အဦများရဲ့ ခြံစည်းရိုးအထိမပါတဲ့ ကျန်ရှိလစ်လပ်မြေနေရာ၊ ကွက်လပ်မြေနေရာများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်စွန့်လွှတ်သွားရန်၊ အဆောက်အဦများအတွက် မြေဂရန်ရရှိရေးဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြရန် ပြင်ဆင်ညွှန်ကြားခဲ့ပါတယ်။ အဆိုပါ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးရုံးအနေနဲ့ စိုက်ပျိုးရေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် အကြောင်းကြားခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာနက ကာယကံပိုင်ဖြစ်တဲ့ ဦးကျော်ဝေပါသုံးဦးသို့

ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ၎င်းတို့ရဲ့ ဂရန်အမည်ပေါက်များဖြစ်၍ မြေအားလုံးရယူလိုပါကြောင်း၊ လက်ရှိမြေပေါ်တွင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ခန့်က အဆောက်အဦ အဟောင်းမျိုးစုံ ၂၁ လုံး ပြန့်ကြဲဆောက်လုပ်ထားသဖြင့် မြေအပိုင်းအခြားသတ်မှတ်ရန် မဖြစ်နိုင်ပါကြောင်း၊ မြေပေါ်ရှိ အဆိုပါပြန့်ကြဲဆောက်လုပ်ထားသော ဌာနပိုင်အဆောက်အဦများကို ၎င်းတို့ပြန်လည်ရယူလိုသည့် မြေအစိတ်အပိုင်းထဲတွင် ချန်လှပ်၍ ၎င်းတို့၏ကုန်ကျစရိတ်ဖြင့် လျှာဒါန်းကာ ဝန်ထမ်းများအတွက် လက်ရှိအဆောက်အဦ အဆင့်အတန်း ထက်မနိမ့်တဲ့ အဆောက်အဦအသစ်များကို လုံလောက်အောင် တစုတစည်းတည်း ပြောင်းရွှေ့ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ သို့မှသာ ဌာနနှင့်နစ်နာသူတို့ မြေပိုင်းခြားရန် အဆင်ပြေမည်ဖြစ်ကြောင်း တင်ပြချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနက ပြည်ထောင်စုဝန်ကြီးဌာနကို ဆက်လက်တင်ပြခဲ့ပါတယ်။

အထက်ပါတင်ပြမှုနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးက စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား မြေပြင်ကွင်းဆင်း၍ အသေးစိတ်အချက်အလက်များ ထပ်မံလေ့လာပြီး ပြန်လည်တင်ပြရန်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ လမ်းညွှန်ချက်အပေါ် နှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် အကောင်းမွန်ဆုံး လက်တွေ့မြေပြင်ဖြစ်နိုင်မည့်အစီအစဉ်အား ကွင်းဆင်းတွေ့ရှိချက်အပေါ် ပြန်လည်တင်ပြရန် လမ်းညွှန်မှုပြုခဲ့ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ ဦးကျော်ဝေပါ သုံးဦး လက်ရှိအဆင့်အတန်းထက်မနိမ့်ကျတဲ့ ဝန်ထမ်းများအတွက် တစုတစည်းထဲ အစားထိုးဆောက်လုပ်ပေးမည့် လျှာဒါန်းမည့်အစီအစဉ်များအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကန့်ကွက်ရန်မရှိကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညှိနှိုင်းမှုအရ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုကို စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် တစ်ဦး၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးမှူး တစ်ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး တစ်ဦးဖြင့် ပါဝင်သော အဖွဲ့ဖွဲ့စည်းပေးရန်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်၊ ကာယကံရှင် သုံးဦး၏ တင်ပြချက်အား ပူးတွဲလျက် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြအပ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာန၏ တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးရုံးမှ မြေပြင်ကွင်းဆင်းလေ့လာတွေ့ရှိချက် ဆောင်ရွက်နိုင်မည့် နည်းလမ်းတင်ပြမှုအပေါ် နစ်နာသူအပိုင်းလိုအပ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားထားရှိချက်နှင့်ကိုက်ညီစွာ ဆက်လက်ဆောင်ရွက်သွားရန်

နှောင့်နှေးကြန့်ကြာမှု မရှိစေရန်နှင့် ပြီးပြတ်သည်အထိ စနစ်တကျ မြေပြင်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးရုံးမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အပေါ် တိကျစွာလိုက်နာဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းထားသည့်အတိုင်း အဖွဲ့ဖွဲ့စည်းမှုကိုလည်း စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး အဖွဲ့ဝင်နှင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးအတွင်းရေးမှူး အဖြစ်ပါဝင်တဲ့ အဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါတယ်။

ဦးကျော်ဝေပါ သုံးဦးမှ အစားထိုးဝန်ထမ်းအိမ်ရာ ပြန်လည်ဆောက်လုပ်ပေးရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ အဆောက်အဦးဆောက်လုပ်ခွင့်ကို မန္တလေးတိုင်းဒေသကြီးဦးစီးမှူးမှ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြခဲ့ပြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ၂၀-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၃/၄၄၄/၄၆၁ နှင့် ၃-၄၄၅/၄၆၂ ဆောက်လုပ်ရန်ခွင့်ပြုချက်များဖြင့် အဆင့်အတန်းမီ ၄ ခန်းတွဲ ၄ ထပ် ၁၁၆ ပေ x ၄၀ ပေ အဆောက်အဦး ၂ လုံးကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထပါတ်မှ စတင်တည်ဆောက်ခဲ့ရာ ၁၆-၇-၂၀၁၅ ရက်နေ့မှာ ၁၀၀ ရာခိုင်နှုန်းပြီးစီး၍ ဝန်ထမ်းများ ယခုလက်ရှိပြောင်းရွှေ့ နေထိုင်လျက်ရှိပါတယ်။

သို့ပါ၍ ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်နှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၆၇/၆၈ လမ်းကြား၊ သိပ္ပံလမ်းပေါ်ရှိ မြေကွက်အမှတ်(ခ-၁၀) ဦးပိုင်အမှတ် ၁၀ နှင့် ၁၂ ရှိ မြေဧရိယာ ၀.၅၅၁ ဧက မြေကွက်ပေါ်တွင် အစားထိုးတည်ဆောက်ထားရှိပြီးသော ၄ ခန်းတွဲ ၄ထပ်ပါ ဝန်ထမ်းအိမ်ရာ အဆောက်အဦ နှစ်လုံးအား စိုက်ပျိုးရေးဦးစီးဌာနပိုင်အဖြစ်လည်းကောင်း၊ ကျန်အဖွဲ့အစည်းအဆောက်အဦများဖြစ်သည့် အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေး၊ စစ်မှုထမ်း ဟောင်းရုံးအဆောက်အဦတို့အပြင် အသုံးပြုထားတဲ့ မြေနေရာတွေကို ဌာနပိုင်မြေများအဖြစ်ထားရှိပြီး စွန့်လွှတ်ခြင်းမပြုဘဲ ကျန်ရှိတဲ့ ပိုနေတဲ့မြေလွတ်ဧရိယာအား ဌာနပိုင်အဖြစ်မှ စွန့်လွှတ်ပြီး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ပေါက်ခေါင်းမြို့နယ်၊ အရာတော်ကျေးရွာအုပ်စုရှိ တောင်သူ ၁၇ ဦးတို့၏ လယ် ၃ ဧက၊ ယာ ၁၁၇ ဧက၊ မကျီးခုန်ကျေးရွာရှိ တောင်သူများ၏လယ် ၈၄ ဧက၊ ကိုင်း ၅၈ ဧက၊ သရက်တပင်ကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေ ၉၃၅ ဧက၊ ဘန့်ဘွေးအုပ်စု တောင်သူ ၈၂ ဦး၏ လယ် ၁၈၆ ဧက၊ ယာမြေ ၆၄၆ ဧက၊ ကုတင်ငါးဆင့်ကျေးရွာရှိ တောင်သူ ၆၄ ဦး၏ လယ် ၈၃ ဧက၊ ကိုင်း ၆၀.၂၅ ဧက၊ ယာမြေ ၂၆၁ ဧကတို့အား လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ(၇) အမြန်ဆုံးထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးဟန်(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုစိတ်ပါဝင်စားစွာ လေ့လာရေးအဖွဲ့ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းပြီး ဂါရဝတရားနှင့်နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပေါက်ခေါင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန် ဖြစ်ပါတယ်။ ယခုကျွန်တော် တင်ပြလိုတဲ့မေးခွန်းကတော့ နစ်နာဆုံးရှုံးလျက်ရှိသော တောင်သူလယ်သမားများရဲ့အကျိုးစီးပွားကို ဖော်ဆောင်ခြင်းအလို့ငှာ တောင်သူလယ်သမားများအတွက် အထူးလိုလားနေသော ပုံစံ(၇) ထုတ်ပေးရန်ကိစ္စဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအရာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်အသေးစိတ်ဖတ်ကြားစရာ မလိုဘူးလို့ ထင်ပါတယ်။ ကျွန်တော် အဲဒါကိုတင်ပြီးသားဖြစ်တဲ့အတွက်။ အခု ကျွန်တော် ဒါကို အကျဉ်းချုပ်ပြောချင်တာကတော့ ကျွန်တော်တို့ ပေါက်ခေါင်းမြို့နယ်မှာ အုပ်စုပေါင်း(၅၈)အုပ်စုရှိတဲ့အနက်မှ တောင်ပေါ်(၁၄)အုပ်စုမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က က.ပ.စ(၁၉) ဆိုပြီးတော့ ကာကွယ်ရေးပစ္စည်းစက်ရုံ လာပြီးတည်ပါတယ်။ အဲဒီအချိန်မှာ က.ပ.စ(၁၉)က တောင်ပေါ်ဒေသ(၁၄)အုပ်စုမှာရှိတဲ့ လယ်ယာမြေတွေအပါအဝင် ဧက ၃၃၀၀ ကျော်ကို သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှာ မှတ်ပုံတင်ပြီးတော့ သူတို့ပြုလုပ်ခဲ့ပါတယ်။ ပြုလုပ်ခဲ့တော့ သူတို့ စက်ရုံသုံးတဲ့နယ်မြေအပြင် တခြားစက်ရုံရဲ့ပြင်ပမှာရှိတဲ့ လေး၊ ငါး ၊ ဆယ်မိုင်၊ မိုင်နှစ်ဆယ်

လောက် ရေတစ်တန်၊ ချောင်းတစ်တန် ကူးသန်းလာတဲ့လယ်ယာမြေတွေကော အဲဒီအထဲမှာ ပါဝင်သွားတဲ့အတွက် ပထမ၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ အဲဒီအချိန်တုန်းက ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးလှမင်း လက်ထက်မှာ ကျွန်တော် ကြယ်ပွင့်မပြမေးခွန်းနဲ့တင်ခဲ့လို့ တောင်သူလယ်သမားတွေဟာ လုပ်ပိုင်ခွင့်လေး ပထမကတော့ သီးစားခပေးနေရပြီးတော့ အဲဒီတင်ပြီးတဲ့နောက်ပိုင်းမှာ သီးစားခမတောင်းဘဲနဲ့ လုပ်ပိုင်ခွင့်လေးရပါတယ်။ အခုတစ်ဖန် တောင်သူလယ်သမားတွေကို ပိုင်ဆိုင်ခွင့်ပုံစံ(၇)ထုတ်ပေးတဲ့အခါမှာတော့ က.ပ.စ(၁၉)က တာဝန်ရှိတဲ့လူက ဒီလယ်ယာမြေတွေကို သီးစားလုံးဝမတောင်းတော့ပါဟု ကျေးရွာရှိတောင်သူများကို ပြောပါတယ်။

သို့ရာတွင် တောင်သူလယ်သမားများအား လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ(၇) ရရှိရေးကိုတော့ က.ပ.စ(၁၉) စက်ရုံမှူးက ကန့်ကွက်ထားသဖြင့် ဆင်းရဲသားကျောမွဲတောင်သူများမှာ စိုက်ဘဏ်ချေးငွေမရခြင်းကြောင့် လယ်ယာလုပ်ချိန်တွင် အတိုးကြီးစွာချေးငှားပြီး စားဝတ်နေရေးကို ဖြေရှင်းနေရပါသဖြင့် ဆင်းရဲတွင်းကမတက်နိုင်ဘဲ ဒုက္ခအမျိုးမျိုးခံစားနေရပါတယ်။ သို့ဖြစ်ပါ၍ နစ်နာဆုံးရှုံးလျက်ရှိသော တောင်သူလယ်သမားများ စိတ်ချမ်းသာမှုကိုရှေးရှု၍သော်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ပေါ့ရေးကို အထောက်အကူပြုရန်သော်လည်း ၎င်းအရာတော်အုပ်စု၊ အရာတော်ကျေးရွာရှိ တောင်သူ ၁၇ ဦးတို့ လယ် ၃ ဧက၊ ယာ ၁၁၇ ဧက၊ မကျီးခုံအုပ်စု၊ မကျီခုန်ကျေးရွာရှိ တောင်သူများ၏ လယ်ဧက ၈၄ ဧက၊ ကိုင်း ၅၈ ဧက၊ သရက်တပင်ကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေဧက ၉၃၅ ဧက၊ ဘန့်ဘွေးအုပ်စု တောင်သူ ၈၂ ဦး၏ လယ် ၁၈၆ ဧက၊ ယာမြေ ၆၄၆ ဧက၊ ဝါးရုံပင်လယ်အုပ်စု၊ ကုတင်ငါးဆင့်ကျေးရွာရှိ တောင်သူ ၆၄ ဦး၏ လယ် ၈၃ ဧကကိုင်း ၆၀.၂၅ ဧက၊ ယာမြေ ၂၆၁ တို့အား လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ ၇ ဆောလျင်စွာအမြန်ဆုံးထုတ်ပေးနိုင်ခြင်းကို စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများ၏ကိုယ်စား ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟာန်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရ

အဖွဲ့တို့ရဲ့ဖြေကြားချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဖြေကြားချက်အရ အောက်ပါအတိုင်းသိရှိရပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်ခေါင်း မြို့နယ်၊ အရာတော်ကျေးရွာရှိ တောင်သူ ၁၇ ဦးတို့၏ လယ် ၃ ဧက၊ ယာ ၁၁၇ ဧက၊ မကျီးခုန် ကျေးရွာရှိ တောင်သူများ၏ လယ် ၈၄ ဧက၊ ကိုင်း ၅၈ ဧက၊ သရက်တစ်ပင်ကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေ ၉၃၅ ဧက၊ ဘန့်ဘွေးအုပ်စုတောင်သူ ၈၂ ဦး၏ လယ် ၁၈၆ ဧက၊ ယာမြေ ၆၄၆ ဧက၊ ကုတင်ငါးဆင့်ကျေးရွာရှိတောင်သူ ၆၄ ဦး၏ လယ် ၈၃ ဧက၊ ကိုင်း ၆၀.၂၅ ဧက၊ ယာမြေ ၂၆၁ ဧက တို့သည် အမှတ်(၁၉)ကာကွယ်ရေးပစ္စည်းစက်ရုံမြေဧရိယာ ၃၅၅၀၀ ဧကအတွင်း ကျရောက်လျက်ရှိ သည့်မြေများဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါမြေများသည် သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၇-၉-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၇၄/၂၀၁၀)အရ အမှတ်(၁၉)ကာကွယ်ရေးပစ္စည်း စက်ရုံအသုံးပြုရန်အတွက် ဧရိယာ ၃၄၂၁၁ ဧကအား သစ်တောမြေမှပယ်ဖျက်ပြီး ပြည်ထဲရေးဝန်ကြီး ဌာနရဲ့ ၁၅-၁၁-၂၀၁၀ ရက်စွဲပါစာအမှတ်၊၃၀၀/၂-၅/ဦး၁ ဖြင့် ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအရ ကာကွယ်ရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အမှတ်(၁၉) ကာကွယ်ရေးပစ္စည်းစက်ရုံ အသုံးပြုရန်မြေဖြစ်သော ဘန့်ဘွေးတောင်ကျေးရွာအုပ်စုနှင့် အရာတော် ကျေးရွာအုပ်စုတို့ရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဧရိယာ ၃၅၈ ဧကတို့အား ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်မြို့ရဲ့ ၅-၁၀-၂၀၁၁ ရက်စွဲပါ စာအမှတ်၊၅/၁-၆/ဦး၆ ဖြင့် လ/န-၃၉ ခွင့်ပြုမိန့်ကိုလည်းကောင်း၊ အရာတော်ကျေးရွာအုပ်စုရှိ မြေဧရိယာ ၉၃၁ ဧကအား ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်မြို့၏ ၂၇-၁၂-၂၀၁၁ ရက်စွဲပါ စာအမှတ်၊၅/၁-၆/ဦး၆ ဖြင့် လ/န-၃၉ ခွင့်ပြု မိန့်ထုတ်ပြန်ခဲ့ပြီး စုစုပေါင်းဧရိယာ ၁၂၈၉ ဧကအား ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၁-၁၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၃၀၀/၂-၅/ဦး ၁ ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ ကာကွယ်ရေးဝန်ကြီးဌာနသို့အခမဲ့ လွှဲပြောင်းပေးအပ်ထားရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ပေါက်ခေါင်းမြို့နယ်အတွင်း ကာကွယ်ရေးပစ္စည်းစက်ရုံမြေ ၃၅၅၀၀ ဧကဟာ စက်ရုံ မြေအဖြစ်ခွင့်ပြုမိန့်ရရှိခဲ့ပြီး၊ မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက်(၃၃၃)အရ အမှတ်(၁၉) ကာကွယ်ရေး စက်ရုံ တပ်ပိုင်မြေအဖြစ်အသုံးပြုရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ ဥပဒေနှင့် အညီ အခမဲ့လွှဲပြောင်းပေးအပ်ထားသည့် မြေနေရာဖြစ်သဖြင့် ၎င်းဧရိယာအတွင်း ကျူးလွန်စိုက်ပျိုး လျက်ရှိသော လယ်ယာမြေများသည် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေး၍ မရရှိ သည့်မြေများဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အရာတော်ကျေးရွာအုပ်စုရှိ တောင်သူ ၁၇ ဦးတို့၏ လယ် ၃ ဧက၊ ယာ ၁၁၇ ဧက၊ မကျီးခုန်ကျေးရွာ ရှိ တောင်သူများ၏လယ် ၈၄ ဧက၊ ကိုင်း ၅၈ ဧက၊ သရက်တပင်ကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေ ၉၃၅ ဧက၊ ဘန့်ဘွေးအုပ်စု တောင်သူ ၈၂ ဦး၏ လယ် ၁၈၆ ဧက၊ ယာမြေ ၆၄၆ ဧက၊ ကုတင်ငါးဆင့်ကျေးရွာရှိ တောင်သူ ၆၄ ဦး၏ လယ် ၈၃ ဧက၊ ကိုင်း ၆၀.၂၅ ဧက၊ ယာမြေ ၂၆၁ ဧက တို့အား လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ(၇) ဆောလျင်စွာအမြန်ထုတ်ပေးနိုင်ခြင်းကို စီစဉ်ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၁၉)ကာကွယ်ရေးပစ္စည်းစက်ရုံ၏ဧရိယာ အတွင်းရှိ သီးနှံစိုက်ပျိုးလုပ်ကိုင်သောမြေများအား ကာကွယ်ရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့် အညီ ပြန်လည်စွန့်လွှတ်ပြီးမှသာလျှင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို ၁၈-၈-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူ များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ မိမိတို့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၄-၈-၂၀၁၅ ရက်နေ့ (တနင်္လာနေ့) နေ့လယ် ၁၂း၀၀ နာရီအချိန် နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မော်တော်ယာဉ်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော မော်တော်ယာဉ်ဥပဒေကြမ်းကို ၁၉-၈-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ မိမိတို့ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၄-၈-၂၀၁၅ ရက်နေ့ (တနင်္လာနေ့) နေ့လယ် ၁၂း၀၀ နာရီအချိန် နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ၈၂ ရက်မြောက်နေ့ဖြစ်သော ၁၈-၈-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသား ဖော်ပြ၍ ၁၉-၈-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် လမ်းနှင့်တံတား အသုံးပြုခြင်း

ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၈၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၈၅)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၆)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]